# ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

# စည်ပင်သာယာအခွန်အခများ

# စည်းကြပ်ကောက်ခံခြင်း

- ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၄၃ အရ ပြည်ထောင်စုအစိုးရအဖွဲ့သည် ယင်းကသာ တင်သွင်းခွင့်ရှိသော နိုင်ငံတော်အမျိုးသားစီမံကိန်း၊ နှစ်စဉ်အရအသုံး ခန့်မှန်းခြေငွေစာရင်းနှင့် အခွန်အကောက်ဆိုင်ရာဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်း များနှင့်အညီ လွှတ်တော်၌ ဆွေးနွေးဆုံးဖြတ်ရမည်။

- တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၅၈ အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် ယင်းကသာ တင်သွင်းခွင့်ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဒေသန္တရစီမံကိန်း၊ နှစ်စဉ်အရအသုံး ခန့်မှန်းခြေ ငွေစာရင်းနှင့် အခွန်အကောက်ဆိုင်ရာဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်း များနှင့်အညီ လွှတ်တော်သို့ တင်သွင်းရမည်။

- ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအရ **အခွန်အကောက်** ဆိုသည်မှာ ပြည်ထောင်စု အစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အကောက်ခွန်၊ အခ လိုင်စင်ကြေး၊ ပါမစ် ကြေးနှင့် ဒဏ်ကြေးငွေများကို ဆိုသည်။

- ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၃ ဖြင့် ပြဋ္ဌာန်းသော အခွန်အယူခံ ခုံအဖွဲ့ ဥပဒေအရ **အခွန်** ဆိုသည်မှာ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအရ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့်အခွန်၊ အခ၊ လိုင်စင်ကြေး၊ ပါမစ်ကြေးနှင့် ဒဏ်ကြေးငွေများကို ဆိုသည်။

- ၂၀၁၈ ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၅ ဖြင့် ပြဋ္ဌာန်းသော ရန်ကုန် မြို့တော်စည်ပင်သာယာရေးဥပဒေအရ **အခွန်**ဆိုသည်မှာ ဥပဒေအရစည်းကြပ်သည့် အခွန် အရပ်ရပ်ကိုဆိုသည်။ **အခ** ဆိုသည်မှာ ဤဥပဒေအရဆောင်ရွက်ပေးခြင်းအတွက် ကောက်ခံ သည့် အခကိုဆိုသည်။ ယင်းစကားရပ်တွင် အကောက်နှင့် ဒဏ်ကြေးတို့လည်း ပါသည်။

- ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေ(၂၀၁၈ ခုနှစ်) စည်ပင်သာယာအခွန်၊ အခများ စည်းကြပ်ကောက်ခံခြင်းအခန်း ပုဒ်မ ၉၇ (က)တွင် မြို့တော်နယ်နိမိတ်အတွင်း ရန်ကုန်တိုင်းဒေသကြီး၏ အခွန်၊ အခဥပဒေနှင့်အညီ အောက်ပါ အခွန်၊ အခများကို ကောက်ခံရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(၁ ) ပစ္စည်းခွန်၊ မြေခွန်၊ မြေခများနှင့် ပိုင်ဆိုင်ခွန်များ၊

(၂ ) ရေခွန်၊ ရေဖိုးရေခ၊ မိလ္လာအခွန်၊
မိလ္လာအခ၊အမှိုက်နှင့်အညစ်အကြေးခွန်၊အများသုံး အိမ်သာခွန်နှင့် အထွေထွေအခွန်များ၊

(၃ ) ယာဉ်များနှင့် သက်ဆိုင်သော ဘီးခွန်၊ ညအိပ်ခွန်၊
လမ်းအသုံးပြုခနှင့်ယာဉ်ရပ်နားခများ၊

(၄ ) ပုဂ္ဂလိကပိုင်ဈေးများ၊ ဆိုင်ခန်းများ၊ ရုပ်ရှင်ရုံများ၊ ကပွဲရုံများ၊ အပန်းဖြေရိပ်သာများ၊ အရောင်းပြခန်းများ၊ ကျန်းမာရေးစင်တာများ၊ သင်တန်းကျောင်းများ၊ မင်္ဂလာခန်းမများ၊ ရပ်နားခရယူထားသော ယာဉ်ရပ်နားအဆောက်အအုံများ၊ ပုဂ္ဂလိကပိုင်အားကစား ွင်းများ၊

(၅ ) စက်ရုံအလုပ်ရုံများ၊ စက်မှုလုပ်ငန်းများ၊ ကုန်တိုက်များ၊ ဂိုဒေါင်များ၊

(၆ ) ဆိပ်ကမ်းများ၊ ဆိပ်ကမ်းသင်္ဘောကျင်းများ၊

(၇ ) ကုမ္ပဏီများ၊ ပုဂ္ဂလိကဆေးရုံဆေးခန်းများ၊ ဂေါက်ကွင်းများ၊ ကိုယ်ပိုင်ကျောင်းများ၊ ဘော်ဒါဆောင်များ၊ တည်းခိုခန်းများ၊ အပေါင်ဆိုင်များ၊

(၈ ) စက်သုံးဆီအရောင်းဆိုင်များ၊ ဆီသိုလှောင်ရုံ၊ သိုလှောင်ကန်များ၊

(၉ ) ပုဂ္ဂလိကဘဏ်များ၊ ပွဲရုံများ၊ စက်မှုဇုန်ရှိအ ဆောက်အအုံအခန်းများ၊ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သောမြေနှင့် အဆောက်အအုံများ၊

(၁၀) ဟိုတယ်၊ မိုတယ်၊ အင်းများ၊ ဝန်ဆောင်မှုပေးသော လူနေတိုက်ခန်းများ (Service Apartments)၊

(၁၁) လူနေတိုက်ခန်းများ (Apartments)၊ စုပေါင်းပိုင်အိမ်ရာများ (Condominiums)၊ လူနေအိမ်များ(Residential Houses)၊

(၁၂) ဆက်သွယ်ရေးကွန်ရက်များတည်ဆောက်ခြင်း၊

(၁၃) စားသောက်ဆိုင်များ၊

(၁၄) ယာဉ်ဖြင့်လှည့်လည်ရောင်းချခြင်း၊

(၁၅) ယာယီဇာတ်ရုံနှင့် ဈေးရောင်းပွဲတော်များ၊

(၁၆) ကြော်ငြာများ၊

(၁၇) အနှေးယာဉ်ဆိုင်ရာ ကိစ္စရပ်များ၊

(၁၈) ဝန်ဆောင်မှု အကျိုးဆောင်လုပ်ငန်းနှင့် အခြားလုပ်ငန်းများ။

- **ဆိုင်းဘုတ်ခွန်နှင့်ပတ်သက်၍**

❖ ကြော်ငြာဆိုင်းဘုတ်၊

❖ LED ဆိုင်းဘုတ်၊

❖ ကိုယ်ပိုင်ခြံဝင်းမြေစိုက်ဆိုင်းဘုတ်

❖ ခြံစည်းရိုးနံရံကပ်ဆိုင်းဘုတ်

❖ နံရပ်ကပ်ဆိုင်းဘုတ်

❖ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့်ဆောင်ရွက်သောလုပ်ငန်းဆိုင်းဘုတ်

❖ လမ်းညွှန်ဆိုင်းဘုတ်

(ဆိုင်းဘုတ်ခွန်များအား ဘဏ္ဍာနှစ် (၁)နှစ်အတွက် စတုရန်းပေပေါ်မူတည်၍ သတ်မှတ်ကောက်ခံပါသည်။)

**ကြော်ငြာ**ဆိုသည်မှာ သက်ရှိသက်မဲ့ပစ္စည်းတစ်မျိုးမျိုးကို အသုံးပြု၍ဖြစ်စေ၊ လျှပ်စစ်သို့မဟုတ် ကွန်ပျူတာ သို့မဟုတ် အခြားနည်းပညာတစ်ရပ်ရပ်ကို အသုံးပြု၍ဖြစ်စေ၊ အများ သိရှိစေရန် ဖော်ပြလိုသည့် အကြောင်းအရာများကို ချိတ်ဆွဲ၊ စိုက်ထူ၊ တပ်ဆင်ရေးသားထားခြင်းကိုဆိုသည်။

- စီမံရေးရာဌာနအနေဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်း ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့်ပတ်သက်၍ လိုင်စင် (၇)မျိုးဖြင့် စည်းကြပ်ကောက်ခံလျက် ရှိပါသည်-

- **အစားအသောက်လိုင်စင်** ဆိုသည်မှာ အသင့်စားသုံးနိုင်သည့် အစားအသောက်များအား ချက်ပြုတ်တည်ခင်းရောင်းချခြင်းကို ဆိုလိုခြင်းဖြစ်ပါသည်။
- **လုပ်ငန်းလိုင်စင်** ဆိုသည်မှာ အစားအသောက်၊ သုံးစွဲရန်ပစ္စည်း သို့မဟုတ် သုံးစွဲရန် အထောက်အကူပစ္စည်းကို ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ တည်ခင်းခြင်း၊ ဖြန့်ဖြူးခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် စက်ရုံ၊ သိုလှောင်ရုံ၊ အလုပ်ရုံများအပြင် ဝန်ဆောင်မှု၊ အကျိုးဆောင်လုပ်ငန်းဆောင်ရွက်ခြင်းများလည်း ပါဝင်သည်။
- **တည်းခိုခန်းလိုင်စင်** ဆိုသည်မှာ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ဖွင့်လှစ်ထားသော ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာနှင့် တည်းခိုရိပ်သာများမှအပ ဆောင်ရွက်သည့်လုပ်ငန်းကို ဆိုသည်။

- **ဘော်ဒါဆောင်** ဆိုသည်မှာ မိသားစုအလိုက် ငှားရမ်းနေထိုင်ခြင်း သို့မဟုတ် အချိန်ပိုင်း ငှားရမ်းနေထိုင်ခြင်းမျိုးမဟုတ်ဘဲ ပညာသင်ကြားရန်အတွက်လည်းကောင်း၊ အလုပ်လုပ်ကိုင်ရန်အတွက်လည်းကောင်း၊ အခြားကိစ္စများဆောင်ရွက်ရန်အတွက် လည်းကောင်း၊ တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ တည်းခိုနိုင်ရန်အတွက် ကော်မတီမှ သတ်မှတ်ချက်များနှင့်အညီ ဖွင့်လှစ်ခွင့်ပြုထားသည့် အဆောက်အအုံ သို့မဟုတ် အခန်းကို ဆိုလိုပါသည်။
- **ကိုယ်ပိုင်ဈေးလိုင်စင်** ဆိုသည်မှာ မြို့တော်နယ်နိမိတ်အတွင်း ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်က ဈေးအဖြစ်အသုံးပြုရန် ကော်မတီထံမှ လိုင်စင်ရယူ၍ ဖွင့်လှစ်သော ဈေးကိုဆိုသည်။ အနည်းဆုံး အကျယ်အဝန်း စတုရန်းပေ (၁၀၀၀၀)နှင့်အထက်ရှိရမည်။
- **ယာဉ်ဖြင့်လှည့်လည်ရောင်းချခွင့်လိုင်စင်** ဆိုသည်မှာ ယာဉ်တစ်မျိုးမျိုးကို အသုံးပြု၍ ထီလက်မှတ် သို့မဟုတ် ကုန်ပစ္စည်းများ လှည့်လည်ကြော်ငြာခြင်း၊ ရောင်းချခြင်း စသည့် လုပ်ငန်းများလုပ်ကိုင်ရန် ကော်မတီက ထုတ်ပေးသည့် လိုင်စင်ကို ဆိုသည်။

- **ယာယီဇာတ်ရုံခွင့်ပြုမိန့်** ဆိုသည်မှာ မြို့တော်နယ်နိမိတ်အတွင်း ဘုရားပွဲ၊ အားကစားပွဲ စသည့် ပွဲလမ်းသဘင်များတွင် အများပြည်သူများအား ဖျော်ဖြေနိုင်ရေးအတွက် ဇာတ်ရုံ ဆောက်လုပ်ရန် ကော်မတီက ထုတ်ပေးသည့် ခွင့်ပြုမိန့်ကို ဆိုသည်။

**မှတ်ချက်** ။ ဆိုင်ခန်းများ၊ ရုပ်ရှင်ရုံများ၊ ကပွဲရုံများ၊ အပန်းဖြေရိပ်သာများ၊ အရောင်းပြခန်းများ၊ ကျန်းမာရေးစင်တာများ၊ သင်တန်းကျောင်းများ၊ မင်္ဂလာခန်းမများ၊ ပုဂ္ဂလိကပိုင် အားကစားကွင်းများ၊ စက်မှုလုပ်ငန်းများ၊ ကုန်တိုက်များ၊ ကုမ္ပဏီများ၊ ဆေးရုံ၊ ဆေးခန်းများ၊ ဂေါက်ကွင်းများ၊ ကိုယ်ပိုင်ကျောင်းများ၊ စက်သုံးဆီအရောင်းဆိုင်များ၊ ဆီသိုလှောင်ရုံများ၊ ပုဂ္ဂလိကဘဏ်များ၊ ပွဲရုံများ၊ စက်မှုဇုန်ရှိလုပ်ငန်းများကို လိုင်စင်ခွင့်ပြုရာတွင် လုပ်ငန်းလိုင်စင်အဖြစ် ခွင့်ပြုပါသည်။

- **အိမ်ဆိုင်** ဆိုသည်မှာ စားသောက်ဆိုင်လိုင်စင်၊ လုပ်ငန်းလိုင်စင်ကဲ့သို့ လုပ်ငန်းကြီးဆောင်ရွက်ခြင်းမျိုးမဟုတ်ဘဲ မိမိနေထိုင်ရာ ဥပစာတွင် မိသားစုဝင်ငွေ တစ်ဖက်တစ်လမ်းမှ ရရှိရန် အလို့ငှာ၊ စီးပွားရေးအလို့ငှာ ပစ္စည်းများရောင်းချရန် ဖွင့်လှစ်ထားရှိသောဆိုင်ဖြစ်သည်။

- **ပစ္စည်းစုံဆိုင်** ကို ယခုနောက်ပိုင်း ခွင့်ပြုမိန့်ပေးခြင်းမရှိတော့ဘဲ ယခင် ရန်ကုန်မြို့လူနေထူထပ်မှုမရှိချိန် အထူးသဖြင့် မြောက်ဥက္ကလာ၊တောင်ဥက္ကလာ၊ အင်းစိန်၊ မရမ်းကုန်းမြို့နယ်များ၏ လမ်းနယ်ဆက်စပ်နေရာများတွင် ဆေးဝါး၊ လူသုံးကုန်ပစ္စည်း အစရှိသဖြင့်ရောင်းချသည့် ဆိုင်မျိုးဖြစ်သည်။

- အိမ်ဆိုင်/ပစ္စည်းစုံဆိုင်များကို မြို့တွင်းမြို့နယ်များနှင့် မြို့သစ်မြို့နယ်များဟူ၍ နှုန်းထားများ ခွဲခြားသတ်မှတ်၍ စည်းကြပ်ကောက်ခံပါသည်။

- **အနွေးယာဉ်** ဆိုသည်မှာ လူ သို့မဟုတ် ကုန်ပစ္စည်းသယ်ပို့ပေးရန် လူအား သို့မဟုတ် တိရစ္ဆာန်အားကို အသုံးပြုသော ဘီးတပ်ယာဉ်ကိုဆိုသည်။

- လူစီး၊ ကုန်တင်၊ ကုန်တင်လက်တွန်းလှည်း၊ ဈေးရောင်း လက်တွန်းလှည်းများအား လိုင်စင်အသစ်ချထားခြင်း၊ နှစ်စဉ်သက်တမ်းတိုးခြင်းနှင့် နင်းသားလိုင်စင်ချထားခြင်း၊ သက်တမ်းတိုးခြင်း တို့အတွက် အခွန်ငွေသတ်မှတ်၍ စည်းကြပ်ကောက်ခံပါသည်။

- **ကူးတို့လုပ်ငန်း**ဆိုသည်မှာ မြစ်၊ ချောင်း သို့မဟုတ် အင်းများတွင် လူ၊ ကုန်ပစ္စည်း၊ တိရစ္ဆာန်၊ မော်တော်ယာဉ်နှင့် အနေးယာဉ်များကို အခကြေးငွေယူ၍ ရေယာဉ်ဖြင့် သယ်ယူပို့ဆောင်သည့် အများပြည်သူဆိုင်ရာကူးတို့လုပ်ငန်းကို ဆိုသည်။ ယင်းစကားရပ်တွင် ကူးတို့တံတား၊ ကူးတို့ဆိပ်ခံ၊ ကူးတို့ဆိပ်တို့လည်း ပါဝင်သည်။

- **ကူးတို့ခွန်** ဆိုသည်မှာ ကူးတို့ရေယာဉ်လုပ်ငန်းကို ကော်မတီကဖြစ်စေ၊ ကူးတို့လုပ်ငန်းလိုင်စင်ရသူကဖြစ်စေ၊ ကမ်းကပ်ခြင်း၊ ပစ္စည်းစုပုံခြင်း၊ လူနှင့်တိရစ္ဆာန် အတက် အဆင်းပြုလုပ်ခြင်းနှင့် ပစ္စည်းတင်ချခြင်းတို့အပေါ် ကောက်ခံသောအခကြေးငွေကို ဆိုသည်။

- ဒေးဗတ်-သရက်ပင်ချောင်ကူးတို့ (တစ်ကြိမ်လျှင် ၂၀၀/- မှ ၁၀၀၀/-ထိ)
- ရေတွင်းချောင်ကူးတို့ (တစ်ကြိမ်လျှင် ၁၀၀/-)
- လှိုင်သာယာ၊ ညောင်ကျေးရွာ-ကြည့်မြင်တိုင်၊ ဝါးရုံဆိပ်ကူးတို့

  (တစ်ကြိမ်လျှင် ၅၀/- မှ ၁၀၀/-ထိ)

**မှတ်ချက်**- ခရီးသည် (၁)ဦး၊ တိရစ္ဆာန် (ကျွဲ၊ နွား)(၁)ကောင်၊ ဆန်(၁)အိတ်၊ ပဲ(၁)အိတ်၊ စက်ဘီး(၁)စီး၊ ဆိုင်ကယ်(၁)စီး စသည်ဖြင့် နှုန်းထားများ ခွဲခြားသတ်မှတ်၍ ကောက်ခံပါသည်။

- **မော်တော်ယာဉ်ညအိပ်ခွန်** ဆိုသည်မှာ မြို့တော်နယ်နိမိတ်အတွင်း ကော်မတီပိုင် မြေသို့မဟုတ် အများပြည်သူဆိုင်ရာလမ်းပေါ်တွင် ညအိပ်ထားရှိသော မော်တော်ယာဉ်များအပေါ် ကော်မတီက မော်တော်ယာဉ်အမျိုးအစားအလိုက် သတ်မှတ်ကောက်ခံသော အခကြေးငွေကို ဆိုသည်။

- **မော်တော်ယာဉ်ရပ်နားခ** ဆိုသည်မှာ မြို့တော်နယ်နိမိတ်အတွင်း ကော်မတီပိုင် မြေသို့မဟုတ် အများပြည်သူဆိုင်ရာ လမ်းပေါ်တွင် ရပ်နားထားခြင်းအတွက် ကော်မတီက မော်တော်ယာဉ်အမျိုးအစားအလိုက် သတ်မှတ်ကောက်ခံသော အခကြေးငွေကိုဆိုသည်။

- **ညအိပ်ခွန်** ဆိုသည်မှာ မြို့တော်နယ်နိမိတ်အတွင်း ကော်မတီက သတ်မှတ်ထားသော စည်ပင်သာယာပိုင် ယာဉ်ရပ်နားစခန်းတွင် မော်တော်ယာဉ် ညအိပ်ထားရှိခြင်းအတွက် ကော်မတီက မော်တော်ယာဉ်အမျိုးအစားအလိုက် သတ်မှတ်ကောက်ခံသော အခကြေးငွေ ကိုဆိုသည်။

- **ယာဉ်ဝင်ခ/ယာဉ်ရပ်နားခ** များကို ယာဉ်အမျိုးအစား၊ ယာဉ်တန်ချိန်ပေါ်မူတည်၍ သတ်မှတ် ကောက်ခံပါသည်။

- **ယာဉ်ရပ်နားခ**ဆိုသည်မှာ စည်ပင်သာယာပိုင်ယာဉ်နားစခန်းများတွင် မော်တော်ယာဉ်ရပ်နားခြင်းအတွက် မော်တော်ယာဉ်အမျိုးအစားအလိုက် သတ်မှတ်ကောက်ခံသောအခကို ဆိုသည်။

- လှိုင်၊ သီရိမင်္ဂလာ ယာဉ်ရောင်းဝယ်ရေးစခန်းများတွင် ည (၁၀)နာရီမှစ၍ ညသိပ်ထားသည့် မော်တော်ယာဉ်ကို ညပိုင်းယာဉ်ရပ်နားခ သီးသန့်ကောက်ခံသည်။

- ကော်မတီလက်အောက်ရှိ ဈေးများအတွင်း ဖွင့်လှစ်ဆိုင်ခန်းများနှင့်ပတ်သက်၍

  - မှတ်ပုံတင်ဆိုင်ခန်းခ
  - ယာယီမှတ်ပုံတင်ဆိုင်ခန်းခ များအား နှုန်းထားများသတ်မှတ်၍ ကောက်ခံပါသည်။

- **အသားထုတ်လုပ်ခွင့်လိုင်စင်** ဆိုသည်မှာ အများပြည်သူစားသုံးရန်အလို့ငှာ ကျန်းမာရေးနှင့် ညီညွတ်သောအသားများ စနစ်တကျထုတ်လုပ်ရန် ဘဏ္ဍာနှစ် (၁)နှစ်အတွက် ကော်မတီက ခွင့်ပြုထားသည့် လိုင်စင်ကို သတ်မှတ်လိုင်စင်ခ ပေးသွင်းစေ၍ ခွင့်ပြုမိန့်ပေးခြင်းဖြစ်သည်။

- **အာမခံစပေါ်ငွေ** နှင့်ပတ်သက်၍ မြို့တွင်းမြို့နယ်နှင့် မြို့ပြင်မြို့နယ် နှုန်းထားခွဲခြား၍ သတ်မှတ်ကောက်ခံပါသည်။

- **ထုတ်လုပ်ကောင်ရေခ** ဆိုသည်မှာ နေ့စဉ်ထုတ်လုပ်သော အကောင်ရေပေါ်မူတည်၍ ပေးသွင်းရသော အခကြေးငွေကို ဆိုသည်။

- **ကျန်းမာရေးစစ်ဆေးခ** ဆိုသည်မှာ အများပြည်သူစားသုံးရန်အတွက် ကျန်းမာရေးနှင့် ညီညွတ်ခြင်း ရှိ/မရှိ အကောင်ရေပေါ်မူတည်၍ စစ်ဆေးပေးသော အခကို ဆိုသည်။

- **တိရစ္ဆာန်မွေးမြူခွင့်လိုင်စင်** ဆိုသည်မှာ ကော်မတီက မွေးမြူခွင့်ပြုထားသော မြို့နယ်များတွင် မွေးမြူခွင့်ပြုသည့် တိရစ္ဆာန်မွေးမြူရန်အတွက် စည်းကမ်းချက်များသတ်မှတ်၍ ခွင့်ပြုပေးသော လိုင်စင်ဖြစ်၍ ယင်းခွင့်ပြုလိုင်စင်အား နှစ်စဉ်သက်တမ်းတိုးရပါသည်။
- **အိမ်မွေးတိရစ္ဆာန်မှတ်ပုံတင်ကြေး** ဆိုသည်မှာ မှတ်ပုံတင်ရန်လိုအပ်သည်ဟု သတ်မှတ်ထားသော အိမ်မွေးတိရစ္ဆာန်ကို မွေးမြူလိုသူအတွက် ကော်မတီက စည်းကမ်းချက်သတ်မှတ်၍ ကောက်ခံသော မှတ်ပုံတင်ခကို ဆိုသည်။
- **တိရစ္ဆာန်အရှင်ရောင်းဝယ်ခြင်း** ဆိုသည်မှာ အိမ်မွေးတိရစ္ဆာန်များ ရောင်းချနိုင်ရေးအတွက် တိရစ္ဆာန်အရှင်များကို မွေးမြူ၊ ထုတ်လုပ်၊ သိုလှောင်၊ ရောင်းချခွင့် ခွင့်ပြုမိန့်ကို ဆိုသည်။
- **ကြက်၊ ဘဲအရှင်ရောင်းဝယ်ခြင်း** ဆိုသည်မှာ အများပြည်သူစားသုံးရန်အလို့ငှာ ကြက်၊ ဘဲအရှင်များကို ရောင်းချနိုင်ရေးအတွက် ကျန်းမာရေးစစ်ဆေးပေးပြီး ခွင့်ပြုမိန့်ထုတ်ပေးခြင်း ဖြစ်သည်။

- **စီးပွားရေးအမှိုက်သိမ်းဆည်းခြင်း** ဆိုသည်မှာ စီးပွားရေးလုပ်ငန်းတစ်ခု လုပ်ဆောင်ရာမှ ထွက်ရှိလာသော အမှိုက်များကို သိမ်းဆည်းပေးရခြင်းဖြစ်သည်။

❖ စီးပွားရေးလုပ်ငန်းတစ်ခုခု လုပ်ဆောင်ရာမှ ထွက်ရှိလာသောအမှိုက်များကို သိမ်းဆည်း ပေးရခြင်း၊

❖ တည်းခိုခန်း၊ ဟိုတယ်၊ မိုတယ်၊ အင်း စသည့် ဝန်ဆောင်မှုလုပ်ငန်းများမှ ထွက်ရှိသော အမှိုက်များကို သိမ်းဆည်းပေးရခြင်း၊

❖ ပုဂ္ဂလိက ဆေးရုံ၊ ဆေးခန်းစသည့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများမှထွက်ရှိသော အမှိုက်များကို သိမ်းဆည်းပေးရခြင်း စသည်တို့ဖြစ်သည်။

- **နောက်ဆုံးစွန့်ပစ်အမှိုက်ပုံတွင်အမှိုက်စွန့်ပစ်ခြင်း**ဆိုသည်မှာ အမှိုက်များကို မီးရှို့ စုပုံ၊ ဖျက်ဆီး စသည့် နောက်ဆုံးအဆင့် စီမံခန့်ခွဲရန်အတွက် စုပုံရန် ကော်မတီက သတ်မှတ်ထားသောနေရာတွင် စွန့်ပစ်ခြင်းဖြစ်သည်။

- အမှိုက်သယ်ယူခများနှင့်ပတ်သက်၍ On Call စနစ်ဖြင့် အမှိုက်သယ်ယူခ၊ အမှိုက်သိမ်းလှည်းဖြင့် အမှိုက်သယ်ယူခ ဟူ၍ ခွဲခြားသတ်မှတ် ကောက်ခံပါသည်။

- **သုသာန်မြေရောင်းခ** ဆိုသည်မှာ အလောင်းတစ်စုံတစ်ရာကို မြှုပ်နှံဂူသွင်းရန်အတွက် ရောင်းချပေးသော အခဖြစ်သည်။
- **မီးသင်္ဂြိုဟ်ခ** ဆိုသည်မှာ အလောင်းတစ်စုံတစ်ရာကို မီးသင်္ဂြိုဟ်ရန်အတွက် ပေးရသောအခ ဖြစ်သည်။ ၎င်းတွင် လူကြီး၊ ကလေး ဟူ၍ ခွဲခြားကောက်ခံပါသည်။ အရိုးကောက်လိုလျှင် သီးသန့်ကောက်ခံပါသည်။
- **သုသာန်မြေမြှုပ်ခ** ဆိုသည်မှာ အလောင်းတစ်စုံတစ်ရာကို မြှုပ်နှံရန်အတွက် ရောင်းချသည့် အခကို ဆိုသည်။ မြေရောင်းခသည် မြေဧရိယာပေါ်မူတည်၍ ပေးချေရပြီး မြေမြှုပ်ခမှာ မြေမြှုပ်ခြင်းအတွက် ကျခံရသောအခကို ဆိုသည်။
- သုသာန်အသီးသီးတွင် အအေးခန်းထိန်းသိမ်းခ၊ ခန်းမငှားခများ နှုန်းထားခွဲခြားသတ်မှတ်၍ ကောက်ခံပါသည်။

- ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အဆောက်အအုံ ဆောက်လုပ်ခြင်း လုပ်ငန်းနှင့်ပတ်သက်၍ အောက်ပါလိုင်စင်များကို မှတ်ပုံတင်ကြေး၊ အာမခံကြေး၊ နှစ်စဉ်ကြေးများ ပေးသွင်းစေ၍ စိစစ်ထုတ်ပေးလျက်ရှိသည်-

➢ **ကော်မတီ အသိအမှတ်ပြု ကန်ထရိုက်တာလိုင်စင်** ဆိုသည်မှာ မြို့တော်နယ်နိမိတ်အတွင်း အဆောက်အဦ ဆောက်လုပ်ခြင်းလုပ်ငန်းကို ကန်ထရိုက်ယူ ဆောက်လုပ်ရန်အတွက် ကော်မတီက တရားဝင်အသိအမှတ်ပြု ထုတ်ပေးထားသောလိုင်စင်ဖြစ်သည်။

- အကြီးတန်းကန်ထရိုက်တာလိုင်စင် ထုတ်ပေးခြင်းခံရသူသည် ကန်ထရိုက်တိုက်ပုံစံ (၃)ထပ်အထိ အထပ်နိမ့် (၁၅)လုံး၊ (၃)ထပ်အထက် အထပ်မြင့် (၁၅)လုံး ဆောင်ရွက်ခွင့်ရှိသည်။
- အငယ်တန်းကန်ထရိုက်တာလိုင်စင်ရရှိသူသည် ကန်ထရိုက်တိုက်ပုံစံ (၃)ထပ်အထိ အထပ်နိမ့် (၁၅)လုံးထိ ဆောင်ရွက်ခွင့်ရှိသည်။

- **မြေသားစမ်းသပ်ခြင်းလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်** ဆိုသည်မှာ အဆောက်အဦဆောက်လုပ်မှု မြေအမျိုးအစားအား သိရှိနိုင်ရန်၊ မည်သည့် Foundation အမျိုးအစား ဆောင်ရွက်ရမည်ကို သိရှိနိုင်ရန်၊ Foundation Design တွက်ချက်ရာတွင် မြေအမျိုးအစား မြေ၏ခံနိုင်ဝန်အားသိရှိမှသာ တွက်ချက်နိုင်မည်ဖြစ်ခြင်းတို့ကြောင့် လိုင်စင်ထုတ်ပေးရခြင်းဖြစ်သည်။

- Pile **ရိုက်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်** ဆိုသည်မှာ ဆောက်လုပ်မည့်အဆောက်အဦများ၏ Piling လုပ်ငန်းဆောင်ရွက်ရာတွင် စည်းကမ်းတကျ ဆောင်ရွက်မှုရှိစေရန်၊ ဘေးပတ်ဝန်းကျင်ရှိ အဆောက်အဦ၊ လမ်း၊ ရေမြောင်း၊ ပလက်ဖောင်းများ ထိခိုက်မှုမရှိအောင် ဆောင်ရွက်ရန်နှင့် အဆိုပါဆောင်ရွက်ချက်များကို တာဝန်ယူ၊ တာဝန်ခံမှုရှိစေရန် လိုင်စင်ထုတ်ပေးရခြင်းဖြစ်သည်။

- **တိုင်းတာရေးအင်ဂျင်နီယာလိုင်စင်** ဆိုသည်မှာ အဆောက်အဦဆောက်လုပ်မည့်မြေကွက်၏ မြေအနိမ့်အမြင့်အနေအထားသိရှိနိုင်ရန်၊ အဆောက်အဦဆောက်လုပ်စဉ် ဘေးပတ်ဝန်းကျင်အဆောက်အဦများ၏ တိမ်းစောင်းမှု ရှိ/မရှိကို သိရှိနိုင်ရန်၊ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ကို သိရှိနိုင်ရန်၊ အဆောက်အဦမဆောက်လုပ်မီ ဘေးဝဲယာအဆောက်အဦများ၏ တည့်မတ်မှုအခြေအနေကို သိရှိနိုင်ရန် လိုင်စင်ထုတ်ပေးရခြင်းဖြစ်သည်။

- **အဆောက်အအုံပုံစံစစ်ဆေးခ** ဆိုသည်မှာ အဆောက်အသစ်ဆောက်လုပ်ခွင့်၊ ပြင်ဆင်ခွင့်၊ ခြံစည်းရိုးကာရံခွင့်၊ အဆောက်အအုံဟောင်းဖျက်သိမ်းခွင့်၊ အဆောက်အအုံပြီးစီးကြောင်းသက်သေခံလက်မှတ်တို့ရရှိရန် ကော်မတီက သတ်မှတ်ရေးဆွဲထားသည့်အတိုင်း စစ်ဆေးပေးရခြင်းအတွက် ကောက်ခံသော ငွေကြေးဖြစ်သည်။

- **ရေနှင့်သန့်ရှင်းမှုအတွက် ဝန်ဆောင်ခများ** ဆိုသည်မှာ အဆောက်အဦဆောက်လုပ်ရာတွင် ရေဆက်သွယ်ခွင့်လျှောက်ထားခြင်း၊ မိလ္လာကန်စနစ်တည်ဆောက်ခြင်းနှင့် ရေပုပ်စုပ်ယာဉ်များ ငှားရမ်းအသုံးပြုခြင်းအတွက် ကျသင့်ငွေ ပေးချေရခြင်းကို ဆိုသည်။

- **ကျန်းမာရေးထောက်ခံချက်အတွက် ဝန်ဆောင်ခကောက်ခံခြင်း** ဆိုသည်မှာ လူအများ စားသုံးရန်သင့်လျော်သော အစားအသောက်ရောင်းချခြင်း၊ ထုတ်လုပ်ခြင်း၊ ဝန်ဆောင်မှု ပေးခြင်းများအတွက် အများပြည်သူအား ရောဂါတစ်စုံတစ်ရာ ကူးစက်မှုမရှိအောင် အစားအသောက်ကို စစ်ဆေးခြင်း၊ ဝန်ဆောင်မှုပေးသူများအား စစ်ဆေးခြင်းအတွက် ထောက်ခံချက်ရရှိရန် ပေးရသည့် ဝန်ဆောင်ခဖြစ်သည်။

- **ဓာတ်ခွဲဝန်ဆောင်ခကောက်ခံခြင်း** ဆိုသည်မှာ ကော်မတီပိုင်ဓာတ်ခွဲခန်းတွင် ရေ၊ အစား အသောက်နှင့် ဆေးဝါးများကို စစ်ဆေးပေးခြင်းအတွက် ကျသင့်သော အခကြေးငွေ ဖြစ်သည်။

# ကျေးဇူးတင်ပါသည်။